# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

## (၄-၁-၂၀၂၀ ရက်နေ့မှ ၂၅-၃-၂၀၂၀ ရက်နေ့ထိ)

## (၂၅-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

**၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၄-၃-၂၀၂၀)ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၃၀)နာရီအချိန် ရရှိသော သတင်းအချက်အလက်များအရ ထုတ်ပြန်ချက်)

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံနှင့်နယ်မြေဒေသစုစုပေါင်း - (၁၉၅) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၃၇၅,၄၉၈) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၁၆,၃၆၂) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၄.၄) %

**ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ-**

| စဉ် | နိုင်ငံ | စဖြစ်သည့်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူစုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| (၁) | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၈၁,၇၆၇ | ၃,၂၈၃ |
| (၂) | အီတလီ | ၆၃,၉၂၇ | ၆,၀၇၇ |
| (၃) | အမေရိကန်ပြည်ထောင်စု | ၄၂,၁၆၄ | ၄၇၁ |
| (၄) | စပိန် | ၃၃,၀၈၉ | ၂,၁၈၂ |
| (၅) | ဂျာမနီ | ၂၉,၂၁၂ | ၁၂၆ |
| (၆) | အီရန် | ၂၄,၈၁၁ | ၁,၉၃၄ |
| (၇) | ပြင်သစ် | ၁၉,၆၁၅ | ၈၆၀ |
| (၈) | ကိုရီးယားသမ္မတနိုင်ငံ | ၉,၀၃၇ | ၁၂၀ |
| (၉) | ဆွစ်ဇာလန် | ၈,၀၁၅ | ၆၆ |
| (၁၀) | United Kingdom | ၆,၆၅၄ | ၃၃၅ |

**မှတ်ချက်။** ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားမှုအများဆုံးဖြစ်သော နိုင်ငံများများအား ရွေးချယ်ထုတ်နှုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

- ဓာတ်ခွဲအတည်ပြုလူနာ (၁,၀၀၀) ဦးမှ (၆,၅၀၀) ဦးကြားရှိသော နိုင်ငံ (၁၆) နိုင်ငံ -

(နယ်သာလန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ နော်ဝေ၊ ဩစတြေးလျ၊ ပေါ်တူဂီ၊ ဆွီဒင်၊ ဘရာဇီး၊ တူရကီ၊ မလေးရှား၊ ဒိန်းမတ်၊ ကနေဒါ၊ အစ္စရေး၊ ချက်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နှင့် အိုင်ယာလန်)

- ခတ်ခွဲအတည်ပြုလူနာ (၅၀၀) ဦးမှ (၁,၀၀၀) ဦးကြားရှိသော နိုင်ငံ (၁၅) နိုင်ငံ -
  (ပါကစ္စတန်၊ လူဇင်ဘတ်၊ ထိုင်း၊ အီကွေဒေါ၊ ဆော်ဒီအာရေဗျ၊ ပိုလန်၊ ချီလီ၊ ဖင်လန်၊ ဂရိ၊ အိုက်စလန်၊ အင်ဒိုနီးရှား၊ ရိုမေးနီးယား၊ အိန္ဒိယ၊ စင်္ကာပူနှင့် ကာတာ)
- ကမ္ဘာပေါ်တွင် နိုင်ငံတွင်းကူးစက်မှု (Local Transmission) ဖြစ်ပွားနေသော နိုင်ငံနှင့် နယ်မြေဒေသ စုစုပေါင်း (၁၁၇ ) နိုင်ငံ/ ဒေသရှိပါသည်။

၂။ (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၅-၃-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀)နာရီအထိ မြန်မာ နိုင်ငံ၏ COVID-19 ရောဂါနှင့်ပတ်သက်သည့် အခြေအနေများမှာ -

- သံသယနှင့် စောင့်ကြည့်လူနာ စုစုပေါင်း (၂၇၅) ဦးရှိပြီး ၎င်းတို့အနက် -
  - COVID-19 ရောဂါပိုး မတွေ့ရှိရသူ - (၂၁၂) ဦး
  - ခတ်ခွဲနမူနာ ပေးပို့ဆဲနှင့် စစ်ဆေးဆဲ - (၆၁) ဦး

၃။ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ -

- ရောဂါပိုးတွေ့ရှိရသူ - (၃) ဦး (စောင့်ကြည့်လူနာ - ၂ ဦး၊ Facility Quarantine - ၁ ဦး)
- ထိုလူနာ (၃) ဦးသည် နိုင်ငံပြင်ပမှ ကူးစက်လာသူများ (Imported Case) ဖြစ်ပါသည်။ ၎င်းတို့အနက် (၂) ဦးကို ရန်ကုန်မြို့၊ အထူးကုဆေးရုံ (ဝေဘာဂီ) တွင်လည်းကောင်း ကျန် (၁) ဦးအား ချင်းပြည်နယ်၊ တီးတိန်မြို့နယ်ပြည်သူ့ဆေးရုံ တွင်လည်းကောင်း သီးခြားထားရှိ စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပါသည်။

၄။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများနှင့် ဟိုတယ်/အဆောက်အဦများတွင် (၃၁-၁-၂၀၂၀)ရက်နေ့မှ (၂၅-၃-၂၀၂၀)ရက်နေ့အထိအသွားအလာကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း ပြုလုပ်ထားသူ စုစုပေါင်း (၅၀၄) ဦးရှိပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများ (Hospital Quarantine)

- မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံ - ၆၇ ဦး
- ဝေဘာဂီအထူးကုဆေးရုံ - ၅၉ ဦး

- ကျန်တိုင်းဒေသကြီး/ပြည်နယ်များရှိဆေးရုံများ - ၃၄ ဦး

Hotel Quarantine - ၁၅၈ ဦး

Facility Quarantine - ၁၈၆ ဦး

၅။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါလူနာများနှင့် အနီးကပ်ထိတွေ့ဆက်ဆံသူများအားလုံးအား အမြန်ဆုံးရှာဖွေစုံစမ်းဖော်ထုတ်ပြီး အသွားအလာကန့်သတ်ခြင်းပြုလုပ်လျက်ရှိသည့်အပြင် ကျန်းမာရေးအသိပညာပေးခြင်း၊ မှန်ကန်သည့် သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ခြင်းတို့အား ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များ၊ အကြံပြုချက်များအားလူတိုင်းတိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် COVID-19 ရောဂါဖြစ်ပွားပျံ့နှံ့မှုနှင့် ထိခိုက်ပျက်စီးမှုများမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။